# Parkview Health လူနာနှင့် လူနာလာကြည့်သူ လိုက်နာရမည့် ကျင့်ဝတ်စည်းကမ်း

Parkview Health သည် အရည်အသွေးမြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးရန်နှင့် ကျန်းမာပြီး တိုးတက်သော လူမှုအသိုင်းအဝိုင်းများကို တည်ဆောက်ရန် ကတိပြုထားသည်။ ကျွန်ုပ်တို့၏ နေရာအားလုံးတွင် လုံခြုံ၍ ဂရုစိုက်မှုရှိပြီး အားလုံးတန်းတူပါဝင်နိုင်သော ပတ်ဝန်းကျင် ဖြစ်စေရန် လူတိုင်းက မျှော်လင့်ထားရမည်။

ကျွန်ုပ်တို့၏ လူနာနှင့် လူနာလာကြည့်သူ လိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းသည် ဤရည်မှန်းချက်ကို ပြည့်မြောက်စေရန် ကျွန်ုပ်တို့အား ကူညီပေးပါသည်။ လေးစားမှုမရှိသော၊ လူမျိုးရေးခွဲခြားသော၊ ခွဲခြားဆက်ဆံသော၊ ရန်လိုသော သို့မဟုတ် ထိပါးနှောင့်ယှက်သော စကားလုံးများ သို့မဟုတ် လုပ်ရပ်များကို လက်မခံပါ။ လုံခြုံမှုမရှိသော ပတ်ဝန်းကျင်တစ်ခု ဖြစ်ပေါ်စေနိုင်သည့် လုပ်ရပ်များကို ခွင့်မပြုပါ။ ဤလုပ်ရပ်နမူနာများတွင် ပါဝင်သည်မှာ-

1. အခြားသူများ၏ လူမျိုး၊ လေယူလေသိမ်း၊ ကိုးကွယ်ယုံကြည်မှု၊ ကျား/မ၊ လိင်စိတ်တိမ်းညွတ်မှု သို့မဟုတ် အခြား ကိုယ်ရေးကိုယ်တာ စရိုက်လက္ခဏာများအပေါ် စော်ကားသော မှတ်ချက်များပေးခြင်း
2. ဤကိုယ်ရေးကိုယ်တာ စရိုက်လက္ခဏာများအပေါ် အခြေခံ၍ ဆရာဝန် သို့မဟုတ် အခြားဝန်ထမ်းအဖွဲ့ဝင်ထံ သွားရောက်ပြသရန် ငြင်းဆိုခြင်း
3. ကိုယ်ထိလက်ရောက်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ ခြိမ်းခြောက်မှုများနှင့် အနိုင်ကျင့်စော်ကားမှုများ
4. လိင်အသားပေးသော သို့မဟုတ် ရိုင်းပျသော စကားလုံးများ သို့မဟုတ် လုပ်ရပ်များ
5. အခြားလူနာ၏ ဆေးကုသမှု သို့မဟုတ် ကုသမှုခံယူခြင်းအတွေ့အကြုံကို နှောင့်ယှက်ခြင်း
6. Parkview ၏ ခွင့်ပြုချက်မရှိဘဲ လူနာများ၊ လူနာလာကြည့်သူများနှင့်/သို့မဟုတ် ဝန်ထမ်းများအား ဗီဒီယိုရိုက်ခြင်း၊ ဓာတ်ပုံရိုက်ခြင်း သို့မဟုတ် အသံဖမ်းခြင်း
7. သေနတ်များ သို့မဟုတ် လက်နက်များကို လက်ဝယ်ထားရှိခြင်း သို့မဟုတ် အသုံးပြုခြင်း
8. တရားမဝင် မူးယစ်ဆေးဝါးများကို လက်ဝယ်ထားရှိခြင်း သို့မဟုတ် သုံးစွဲခြင်း

သင်သည် လူနာတစ်ဦး သို့မဟုတ် လူနာလာကြည့်သူတစ်ဦးအနေနှင့် မလိုလားအပ်သော စကားလုံးများ သို့မဟုတ် လုပ်ရပ်များဖြင့် ကျင့်ဝတ်စည်းကမ်းကို ဖောက်ဖျက်ခဲ့နိုင်သည်ဟု ကျွန်ုပ်တို့ယူဆပါက သင့်အမြင်ကို ရှင်းပြရန် အခွင့်အရေးပေးပါမည်။ ကျွန်ုပ်တို့သည် သင့်တုံ့ပြန်မှုကို အမြဲအလေးထား၍ စဉ်းစားပေးပါမည်။ လူနာတစ်ဦးက ဤကျင့်ဝတ်စည်းကမ်းကို ဖောက်ဖျက်လျှင် လူနာ၏ စောင့်ရှောက်မှုအတွက် အခြားအစီအစဉ်များပြုလုပ်ရန် တောင်းဆိုခံရနိုင်ပြီး နောင်တွင် Parkview ၌ အရေးပေါ်မဟုတ်သော စောင့်ရှောက်မှုရယူရန် စိစစ်ခံရမည်ဖြစ်သည်။ သို့ရာတွင် ထိုသို့ကျင့်ဝတ်ဖောက်ဖျက်သည့် ဖြစ်စဉ်မျိုး ရှားပါးလိမ့်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ကျင့်ဝတ်စည်းကမ်းကို ဖောက်ဖျက်သော လူနာလာကြည့်သူများ သို့မဟုတ် လူနာများသည် ဆေးရုံပရဝုဏ်အတွင်းမှ ထွက်ခွာပေးရန် တောင်းဆိုခံရနိုင်ပြီး နောင်တွင် လာရောက်ပြသခြင်းများအတွက် ပိတ်ပင်ခံရနိုင်သည်။ လူနာ သို့မဟုတ် လူနာလာကြည့်သူ၏ ရာဇဝတ်မှုမြောက်သော လုပ်ရပ်များသည် ကျိုးကြောင်းခိုင်လုံပါက ဖမ်းဆီးခြင်းနှင့် ရာဇဝတ်မှုဆိုင်ရာ စွဲချက်တင်ခြင်းတို့ကို ဖြစ်ပေါ်စေနိုင်သည်။

သင်က ဤအပြုအမူများထဲမှ တစ်ခုခုကို *မျက်မြင်တွေ့ပါက သို့မဟုတ် ယင်းတို့ကြောင့် နစ်နာခံစားရသူဖြစ်ပါက* သင့်စောင့်ရှောက်မှုအဖွဲ့၏ အဖွဲ့ဝင်တစ်ဦးထံ သို့မဟုတ် Parkview လူနာကိုယ်စားလှယ်ရှေ့နေရုံးထံသို့ ဤအကြောင်းကိစ္စကို သတင်းပို့ပါ။ ဝန်ထမ်းများသည် လေ့လာတွေ့ရှိခဲ့သော သို့မဟုတ် တွေ့ကြုံခဲ့ရသော ကျင့်ဝတ်စည်းကမ်း ဖောက်ဖျက်မှုအားလုံးကို သက်ဆိုင်သည့် ပုဂ္ဂိုလ် သို့မဟုတ် သက်ဆိုင်သည့် ရုံးဌာနများသို့ Parkview ၏ မူဝါဒများနှင့်အညီ

သတင်းပို့ပါမည်။  ကျင့်ဝတ်စည်းကမ်း ဖောက်ဖျက်နိုင်ခြေရှိသည့် လုပ်ရပ်ကို သတင်းပို့ခြင်းအတွက် လက်တုံ့ပြန်ခြင်းကို တားမြစ်ထားသည်။